စာပေဗိမာန်(ကဗျာ) စာပေဆုရ စာဆိုအရှင်

မြွတ်ဘုန်း(တပ်ကုန်း)စီစဉ်သော

အမေကဗျာရွတ်ဆိုပွဲ ၂၄ နှစ်ပြည့် ငွေရတုအကြို

# ရင်ဆက်ကြိုးကဗျာစုစည်းမှု



၁၃၈၀ ပြည့် ကဆုန်လပြည့်နေ့
၂၀၁၈ ခုနှစ် ဧပြီလ(၂၉)ရက်

# အနန္တကျေးဇူးရှင် မြတ်မိခင်

-မာတာမိခင်၊ ကျေးဇူးရှင်

ကျေးဇူးပုံဖုံ၊ ဆပ်၍ မကုန်။

-လောကကြီးမှာ ၊ အရာများ စွာ

အစားထိုးပြ၊ ရနိုင်မှ ။

-အစားထိုးမရတာ၊ "အမေ"ပါ

တန်ဖိုးကြီးစွ၊ သိရှိကြ။

-တန်ဖိုးကိုသိ၊ သတိရှိ

မိဘပြစ်မှား၊ "ငရဲ"လား။

-သားသမီးလိမ္မာ၊ ဖြစ်ဖို့ ရာ

မေတ္တာဝေမျှ၊ ပြုစုကြ

ကရုဏာခြွေသ၊ စောင့်ရှောက်ကြ။

-ရေး၍ မကုန်၊ ပြောမကုန်

ကြို့ခြို ဖော်ပြ၊ မပြည့်ဝ။

-ရေးသီကုံးပြ၊ အကျဉ်းမျှ

မြင်းမိုရ်ပမာ၊ ကြီးမားလှ

မိဘကျေးဇူးကို။

-အမေ့ကျေးဇူး၊ မထိမ်မြူး

အထူးဆပ်စေလို။

-မြတ်ဘုန်းတပ်ကုန်း၊ စီစီကုံး

မဆုံးနိုင်ပေ၊ ကျေးဇူးတွေ။

-ကဆုန်ပြည့်၊ အမေနေ့

မွေးနေ့ကြုံလာ၊ နှစ်စဉ်သာ

မပျက်စဉ်လာ၊ စာစောင်လှွာ။

-မွေးနေ့ နှစ်တစ်ရာတိုင်၊ ကျင်းပနိုင်

ကြံ့ခိုင်ကျန်းမာ၊ ရွှင်ပျော်စွာ

ခါခါဆုတောင်းလိုက်ပါ၏။

-ဤကဗျာလေး၊ ပါဝင်ရေး

နွေးထွေးဖော်ပြ၊ အမှတ်တရ။

**မုံရွာနေဇာ**

*****

## သာသနာတွင်းကအမေ

အမေဟာ...

များ စွာသော သားသမီးအတွက်

ရတက်မအေး တစ်ချက်မမေ့နိုင်ဘဲ

အိပ်ရေးပျက်ရာက စခဲ့တယ်။

အမေဟာ...

သားပုတ္တာရှင်ပြု ...

အနုအယဥ် သမီးတွေ နားသစဥ်က

ပြုံးတမြမြနဲ့ ပီတိဖုံးခဲ့တယ်။

အမေဟာ...

သားမှာ အချစ် မြေးအနှစ်မို့

ပဗ္ဗဇ္ဇအမွေ မြေးတွေရရေး

ဆောင်ရွက်ပေးရင်း

အားဆေးတစ်ခွက် ဖြစ်ခဲ့တယ်။

အမေဟာ...

သိမ်ကျောင်းဒကာမ

ရဟန်းမယ်တော်ဘဝနဲ့

သာသနာ့မြေမှာ နေရာရခဲ့တယ်။

အမေဟာ...

မရှိခင်ခြွေတာ ရှိလျှင်စည်းကမ်းရှိ

နည်းဥပဒေသကို သိပြီး လက်တွေ့သုံး

အသုံးနဲ့ အဖြုန်း ခွဲခြားတတ်သူပါ။

သားသမီးတွေက

ပွားစီးနေသမျှ အပြုံးတွေဝေ

အမုန်းဆို လေပြည်မသန်း

လောကတစ်ဝန်း မေတ္တာဖြန့်ကျက်

ဖြဟ္မစိုရ်လက်ပိုင်ရှင် အမေပါ။

အခုတော့ အမေအိပ်စက်

လောကဓံရဲ့ လက်ချက်လား

သဘာဝရဲ့ ဖြစ်ပျက်ဓမ္မခန်း

ကေန်သိတဲ့ အမေ

ကျန်သူတွေကို တရားပြ

ငြိမ်းချမ်းစွာ အနားရခဲ့ပြီပေါ့ ။

သာသနာတွင်းက အမေရေ ...

ဘဂဝါသနင်းနဲ့ တရားစကား

နှလုံးသည်းပွတ်မှာ ကိန်းဝပ်ထားသူမို့

မြတ်ဘုရားရဲ့ ပိဋကတ်ကျမ်းစာ

ကမ္ဘာတည်သရွေ့ မပျက်ပျောက်ဖို့

တစ်သက်စောင့်ရှောက်ကာ အလှူပေးဦးမတဲ့ ။

ပိဋကတ်သုံးပုံ အလှူ

သံသရာအတွက် ရိက္ခာယူရင်း

တူရှုဖြောင့်တန်း

ကောင်းမွန်သော သုဂတိလမ်းကို

လျှောက်လှမ်းနိုင်မယ်ဆိုတာ ယုံတယ်အမေ။

**(၁၉-၁-၂၀၁၂) ဒေါ်စိန်မြအား ရည်ညွှန်းလျက်**

**မြတ်ဘုန်း (တပ်ကုန်း)**

*****

## မရှိသော အဆစရ

အမေကတော့ သူ့ရဲ့ ဝမ်း

မစားရစမ်းချင်နေပါစေ

သားသမီးတွေ ဝမ်းစာရေး

ဖြည့်ဆည်းလို့ ပေး…။

အမေကတော့ သူ့ကိုယ်တွင်

မဝတ်ဆင်ရချင်နေပါစေ

သားသမီးတွေ ဝတ်ဆင်ရေး

ဖြည့်ဆည်းလို့ ပေး…။

အမေကတော့ သူ့တစ်သက်

စာမတတ်ချင် နေပါစေ

သားသမီးတွေ ပညာရေး

ဖြည့်ဆည်းလို့ ပေး….။

အမေကတော့ သူ့ဘဝ

မလှပချင်နေပါစေ

သားသမီးတွေ ဘဝရေး

ဖြည့်ဆည်းလို့ ပေး … ။

အမေကတော့ သူ့သားသမီး

ဘဝခရီးသာစေရန်

လောကခရီးကြမ်း

မုန်တိုင်းထန်ထန်

ရှာကြံကာ သူလုပ်ကျွေး

အမိမာတာ တာဝန်ရေး

ကျေပွန်ခဲ့လေး....။

အခုတော့လေ...

အမေ့သားသမီး

ဘဝခရီးသာခဲ့ပေ

သူတို့ တွေ တော်ဝင်ပန်း

နန်းထိုက်နေစဉ်

ကျေးဇူးရှင်အမေ့ကိုပင်

သူတို့ ရှောင်ကြဉ်

မေတ္တာရှင်အိုမိခင်

လောကတွင် အဆန်ရေလျှင်

ဘယ်အခါတွင် မရှိသေး

မှတ်လိုက်ပါလေ...။

# စစ်ကိုင်းဆုလာဘ်

*****

**အမေ**

အမေ နှင့်ငွေ ဒွန်တွဲနေလည်း

ငွေထက်တန်ဖိုး အမေတိုး၏

ရွှေနှင့်အမေ ဒွန်တွဲနေလည်း

ရွှေထက်တန်ဖိုး အမေတိုး၏

ရွှေငွေမြစိန် အရောင်ထိန်လည်း

အမေအိမ်လောက် ဂုဏ်မမြောက်ဘူး

ရာထူးဂုဏ်သိန်လည်း

အမေအိမ်ရောက် ဂုဏ်မမြောက်ဘူး

ချစ်သူခင်သူ ဘယ်လိုကူလဲ

အမေ့သလောက် ဂုဏ်မမြောက်ဘူး

အမေ့ဗီဇ သားပီသအောင်

ရှေ့ဆောင်လမ်းပြ သားလုပ်ပြမည်

အနေဝေးလည်း မခွဲအမေ သားသိတယ်

မေတ္တာရင်နို့ ခုထိစို့လျက်

ဘဝအတွက် ခရီးဆက်မည်

စိတ်အာရုံက အမေ့ဆီ

**အနေဝေးပြီး နေမကောင်းဖြစ်နေချိန်မှာ အမေ့အား**

**သတိရဦးညွတ်လျက်**

**အန်စော**

*****

## တုံ့ပြန်ကျေးဇူး

နို့ချိုတွေတိုက်ကျွေးလို့

တို့ မွေးတဲ့ မိမာတာ၊

စားဝတ်နေမကျန်ရအောင်

ဒုက္ခခံကာ။

မောပန်းမှုမပြုပါ

ဖွေရှာလို့ သူကျွေး၊

မိမေတ္တာရိပ်သာနန်းက

အေးချမ်းလှလေး။

မေတ္တာတွေအနန္တနှင့်

ပြည့်ဝတဲ့ မိမာတာ၊

သူ့ခန္ဓာ ဇရာညှင်း
ယိုယွင်းလို့ လာ။
သားသမီးဝတ်ငါးဖြာ
ကြိုလာခဲ့ အခွင့်ရေး၊
တုံ့ပြန်ကာ ကျေးဇူးမြတ်ကို
ဆပ်ကြစို့လေး။ ။

**မောင်နန္ဒာ (မန္တလေး)**

*****

## ရင်ဆက်ကြိုး

မွေးမေထံမှ အာဟာရကို
ဂဗ္ဘဝမ်းတွင်း ခိုမှီးရင်းဖြင့်
မငြင်းသုံးစား၊ သန္ဓေသားသည်
ကြီးထွားရှင်သန်၊ အားအင်ပြည့်ဖြိုး
အလှတိုးလျက်၊ မြတ်နိုးဖွယ်ရာ
ကိုယ်အင်္ဂါနှင့် ဖြစ်လာလူနှယ်
ရောက်ရှိတယ်ဟု ၊ တကယ်အများ
သိပြီးငြားလည်း ၊ လူသားအမေ

မေတ္တာတွေနှင့်၊ ရက်ရှည်လများ
ပူစပ်ခါးတို့ ၊ ရှောင်ရှားခဲ့ကြ
များ ဒုက္ခနှင့် ကိုးလဆယ်လ
လွယ်ခဲ့ရစဉ်၊ ကြောင့်ကြအမြဲ
သောကကဲလျက်၊ ရင်သည်းတမျှ
မြတ်နိုးရသည့်၊ သားလှသမီး
ရှုမငြီးကို ပွားစီးကြင်နာ
ကရုဏာတဝေဝေကို
သေချာယန၊ မသိကြ။
ငယ်၍ နီထွေး၊ ထိုကလေးကို
တိုက်ကျွေးနို့ချို၊ မေတ္တာပို၍
များ ထိုအနာ၊ ဘယ်ရောဂါမှ
မကပ်ရအောင်၊ သတိဆောင်၍
ရှောင်ရှားအစာ၊ မတည့်တာတွေ
ဒုက္ခပိုစွ မသိကြ။

အရွယ်တော်ရောက်၊ လူလားမြောက်အောင်
စောင့်ရှောက်တအား၊ ဝတ်စားဆင်ယင်
အလှပြင်ပေး၊ ပညာရေးလည်း

ကြိုတွေးစီစဉ်၊ ယဉ်ကျေးလိမ္မာ
ချိုသာစကား၊ ဆိုပြောကြားဖို့
ငါးပါးအနန္တ၊ ဂါရဝထား
လေးစားရိုသေ၊ ကိုးကွယ်စေဖို့
မသွေဆုံးမ၊ အပြုံးလှနှင့်
နေ့ညမရွေး၊ သွန်သင်ပေးရ
ပင်ပန်းလှလည်း ၊ ဒုက္ခမထင်
တသွင်သွန်ဖျန်း၊ လှိုမြောင်နန်းမှ
စမ်းလန်းစိုပြေ၊ တောမြိုင်ခြေမှ
မသွေးစီးဆင်း၊ မြစ်တစ်စင်းသို့
ချစ်ခြင်းပြည့်ဝ၊ တုမရသည့်
အာဂမေတ္တာ၊ အကြင်နာပို
မြင်းမိုရ်မက၊ ကျေးဇူးကို
သိကြသူနည်း၊ ဆုတ်ခေတ်ထဲမှာ
သိလည်း မဆပ်၊ ထိုဖြစ်ရပ်သည်
ကပ်ဆိုးဘေးဆိုး ရန်မျိုးမျိုးနှင့်
ဆိုးဝါးရောဂါ အဖြာဖြာကို
လာပါခေါ်သလို၊ ဆိုးကျိုးပိုမည်
ကြိုသတိထား၊ ပြန်စဉ်းစား၍

မွေးဖွားမိခင်၊ ကျေးဇူးရှင်အား

ရွှေရင်ဆက်ကြိုး၊ ဗီဇမျိုးသစ်

မမေ့ရစ်ဖို့ ၊ ဖွင့်လှစ်ဖွဲ့ဆို

ကဗျာကိုဖတ်၊ ကောင်းစွာမှတ်လော့

ယုယချော့သိပ်၊ မေးမအိပ်ဘဲ

စဉ်မြဲဟစ်အော်၊ ငိုယိုသော်ရှိ

မြတ်မိခင်မှာ ၊ စိုးရိမ်စွာဖြင့်

နေ့မှာ ညဘက်၊ အိပ်ရေးပျက်လည်း

ထွေးလျက်တစ်ဖုံ၊ နည်းမျိုးစုံချော့

မလျော့မေတ္တာ၊ ကရုဏာပွား

ဆေးဝါးတိုက်ကျွေး၊ လူးလိမ်းဆေးတို့

စုံထွေကုသ၊ များ ဒုက္ခကို

ကျနမထင်၊ မသိမြင်ကြ

ကျင်ကြီးကျင်ငယ်၊ ထိုနှစ်သွယ်တို့

ရွံ့ဖွယ်အတိ၊ ပေကျန်ဘိလည်း

မွေးမိခင်မှာ ၊ မရွံ့ရှာဘဲ

ခဝါချကာ၊ အကြင်နာနှင့်

ရင်မှာ ပိုက်ထွေး၊ အိုအေအေးဆို ဒုက္ခပိုစွ၊ မသိကြ။

မပြတ်လုံ့လ၊ ဥဿဟထား

သဒ္ဓါပွားလျက်၊ လေးစားရိုသေ

မွေးမေမေကို မသွေကျွေးမွေး

ပြုစုပေးဖို့ နောင်ရေးမျှော်ကာ

နှိုးဆော်ပါသည် ။

မင်းသိင်္ဂါကျော် (ပန်းချီ)

*****

**အမိမြေအလှ မာစေရာ**

**(အချိုးတွဲ လေးချိုး)**

ပရိယတ်သာသနာ ထွန်းနေသမျှ

ရွှန်းဝေလှလိမ့် သုံးဖြာသာသနာ။

သာသနာတည်ရာ အရပ်ဒေသ

အေးမြချမ်းသာ။

ချမ်းသာအပေါင်း ယူကြစေရာ

ဖြူလွစေတနာ ကုသိုလ်ပွား။

ပဏ္ဍိတာရာမ စာသင်တိုက်

သိုက်မြိုက်စည်ကား။

နယ်ပေါင်းစုံလာ

ရွှယ်ကောင်းဂုဏ်ဖြာ စာသင်သားတို့

သဒ္ဒါရှင်ပွား စာပေသင်။

ဘုရားရှင် အလိုကျ

အမှားကြည် ချို့မြမင်္ဂလာတရားတို့

ရင်မှာ ထားလို့ အလှဖော်ညွှန်း

မြတ်မော်ကွန်းတင်။

ထာဝရသဒ္ဒါမွေး

စာချ ကဗျာရေး ဒြပ်ပြိုးရှင်

မြတ်ဘုန်းအရှင် ကလောင်စွမ်း။

စာပေမြင့် အသိဝေ

အမိမြေအလှ သာယာမှုကို

(ကွယ်)ပြု ဆောင်လို့ ထမ်း။

ကန့်ဘလူ ဖြူစင်ဝင်း

*****

## ရင်ဆက်ကြိုး၏ တိုးမေတ္တာ

မြို့ကြီးပြကြီးမှာ ပညာရှာ

တွယ်တာရင်နှစ်သား
ကရားရေလွှတ်၊ တတွတ်တွတ်နှင့်
မချွတ်ဆုံးမ၊ သောကပူစွာ
မှာ တမ်းခြွေသည့် ချစ်မေမေ။

သားလှလှလေး၊ စိတ်အေးအေးနှင့်
သင့်တွေးပညာကြိုးစားပါ။

သားလှလှလေး၊ ကျန်းမာရေး
အလေးပေးပါ၊ ဂရုစိုက်ပါ။
လောကတံထွာ၊ အရာရာ
သတိရှိပါ၊ မိတ်ကောင်းရှာ။

နိပါတ်တော်လာ၊ အဇာတသတ်
ဒေဝဒတ်ကြောင့်၊ စိုးနှောင့်ဗျာပွေ
ဒုက္ခဝေသတဲ့ ။

နေ့ညမပြတ်၊ အမွှန်မြတ်ဆုံး
သုံးပါးရတနာ၊ ဆရာမိဘ

သတိရလျက်၊ ညွတ်ခရိုက်ျိုး
လက်စုံမိုး၍ ရှိခိုးပြီးမှ အိပ်ပါသား။

ဘွဲ့ ဒီဂရီ၊ ရင်ပိုက်ချီ၍
မေ့ဆီပြန်လာ၊ မြင်ချင်စမ်းသတဲ့ ။

ကာလတန်ကြာ၊ လိုရာပြီးစီး
သားကြီးလိမ္မာ၊ ဂုဏ်ရှိန်ရာထူး
ကျေးဇူးဆပ်ရန်၊ မေ့ထံပြန်လာ
ဇရာချဉ်းဘက်၊ ပြုံးလျက်အမေ
လွမ်းမျက်ရည်မိုး၊
စွေဖြိုးကဲသည့် မွေးမေမေ။

စဉ်မပျက်မိုးရွာ၊ ရင်ဆက်ကြိုးပမ်း
မေ့မေတ္တာသွန်၊ လွန်များ ပြားသည်
ဆပ်ကြွေးမကျေလည်း
မေ့သားသွေ့ခွာ၊ မမေ့ပါ။

အို... မာတာမိခင်၊ အနန္တသခင်

ဂိုဏ်းဝင်ကျေးဇူးရှင်။

သားအတွက်ကြိုးစား
စီးပွားရှာ၊ နွေလည်နေမရှံ့
ဒူးမတွန့်ယှဉ်နွဲ၊ လောကစံပွဲ
အံခဲ စိန်ခေါ်၊ ထက်ပေါ်ပြဟန်မှာ
ကဲပမာလျှင်၊ မှန်စွာမြတ်သော မွေးမိခင်။

ခုတော့လည်း
ဇရာကထောင်း၊ ဇာတာဟောင်းနွမ်း
မစွမ်းစီးပွား၊ မေ့ထံပါးဝယ်
သားပြန် လာပြီ၊ ဝမ်းသာပါလေ မွေးမေမေ။

မြတ်သောမိခင်၊ ကျေးဇူးရှင်ကို
သိမြင်ဦးထက်၊ လက်ကြာမိုထိုး
ရှိခိုးပန်ထွာ၊ ကြည်စွာပီတိ
ရရှိမေတ္တာ၊ နွေးထွေးစွာနှင့်
လောကရွာတွင် ၊ တင့်တယ်သာယာ
သားဆုခြွေသည် ၊ မွေးမေမေတ္တာ

သားမေတ္တာကား၊ ရင်ဆက်ကြိုး၏

တိုးမေတ္တာပေတကား။ ။

ကြယ်စင်မင်း (တပ်ကုန်း)

*****

## ရင်ဆက်ကြိုး

လူ၏ အစ မူလကပင်
မိဘနှစ်ဖြာ ရှိခဲ့ပါ၍
မာတာမိခင် ကျေးဇူးရှင် နှင့်
ဖခင်တို့ အား ညွတ်တွားရိုကျိုး
ကျွန်ုပ်ရှိခိုးသည်
မိုးမြေသက်သေတည်နှင့်ပြီ။

အကျွန်ုပ်မှာ မူ
မာတာမိခင် ကျေးဇူးရှင်၏
ပဲ့ပြင်ဆုံးမ ဩဝါဒကို
ကြားရနာရ ခံစားရ၍
ဘဝရှင်သန် လောကခံ၏
ဖောက်ပြန်ပျက်စီး သူ့ခရီး၌

မညည်းမရှူ၊ အောင်တော်မူသည်
လူ့ဂုဏ်သိက္ခာ မြင့်တက်ပါလည်း
ညီငယ်မှာ ကား
ကျေးသားညီနောင် ငှက်ငယ်ကောင်သို့
တောင်ဆီမြောက်ဆီ ကူးသန်းသည် နှင့်
ဗီဇဝန်းကျင် အသွင်မတူ
အယူမိစ္ဆာ အကျင့်ပါသော်
မာတာမိခင် ကြေကွဲရင်သည်
ကျွဲဝင်ခတ်သည့် အလားသို့.....။
မည်သို့ဆိုစေ မွေးမေမေသည်
မွေးမေဗီဇ ပီသလှ၍
မျှဝေမေတ္တာ စေတနာဖြင့်
ဘယာကွာဝေး သာယာရေးတွက်
နွေးထွေးပံ့ကူ ထူထောင်ယူသည်
နတ်လူသာစု ခေါ်နိုင်စေမူ
ဤသားနှစ်ယောက် လူလားမြောက်သော်
ထောက်ပံ့သာသနာ မင်္ဂလာမှု
မဟာအနုဂ္ဂဟ ဒုလ္လဘသို့
ဓမ္မအမွေ ပေးခဲ့ပေ၏

ကျက်သရေသည်

တက်နေလင်းသည့်အလားသို့ .......။

ဘဝလှရေး ချမ်းသာရေးကို

ပေးခဲ့မေမေ ပြုခဲ့ပေမယ့်

အမွေသာသနာ သူစွန့်ခွာလျက်

ဗလာဝတ်ရုံ ခြုံပြီကို..။

ညီငယ်လူမိုက် သူ့စရိုက်နှင့်

အမှိုက်လိုလူ ဖြစ်နေမှုလည်း ...

သာသနာမှာ

ညီငယ်ဟာ ရင်ဆက်ကြိုး

တန်ဖိုးက ရတနာ

သနာ သည် အရေးမှာ တော့

(အမေ့မှာ ဖြင့်)

ဆွေးချက်ကနာ။

ရှိပါစေဗျာ

နေပါစေ အမေ

ကံခြေရာ သူ့စရိုက်နှင့်

သူ့ထိုက် သူ့ကံပေ။
ကျွန်တော်က သားကြီးလေ
(အမေ့မှာ ) အပူမီး
အားမကြီးအောင်တော့
တားဆီးကာ ကာကွယ်လို့
သာသနာနယ် သည် အမှုမှာ
သာစုသံချိုချိုတေးတွေနှင့်
မွေးစေရမယ် အမေ။

သာသနာ ခုနစ်ဝါရစဉ်က
ဘုရားရှင်ကိုယ်တော်မြတ်လည်း
မယ်တော်မိနတ်သားကို
ကျေးဇူးတော်ပေးဆပ်လို့
မြင့်မြတ်တော်မူခဲ့ပြီ။
အရှင်လည်း ဤသို့ရည်
ရဟန်းဇာနည် ပီစေရေးပေါ့
(၁၅)ဝါသိက္ခာပန်းရယ်မို့
အမေ့မှာ လိပ်ပြာမနွမ်းစေရပါဘူး
ပန်းပမာ စိတ်မှာ လန်းစေတော့

(အမေရယ်) နော့ နော့ နော့ နော်။

မောင်ဆွေမွန်

*****

## ပန်းဝှက်တဲ့ မြစ်

အမေဟာ ပန်းတစ်ပွင့်လို
နွေလေပြေတံခါးဝက တောင်းခံလည်း
ဘာတစ်ခုမှ မဆုံးရှုံးသလို
မေတ္တာရနံ့တွေ လိုသမျှ ဝေငှလိုက်တာပဲ.........။

အမေဟာ
ကံကြမ္မာထဲ ပြို ပြိုကျသွားတဲ့
သက္ကရာဇ်တွေကို သရဖူလိုဆောင်းရင်း
နှုတ်ပိတ်ခြင်းရဲ့ အဆုံးစွန်မှာ ရောက်နေတဲ့ အမေ့ဘဝ
ဝေမျှစရာ ဘာမျှမရှိလည်း
ပြည့်ဝတဲ့ ချိုမြိန်မှုနဲ့
တစ်ကိုယ်လုံးပေးဆပ်ရမယ့်အချိန်ကိုစောင့်ရင်း
ပါးနှစ်ဖက်က ပါးကွက်ကြားမှာ
ဇရာသွေး ဇရာသားတွေကို ပန်းတစ်ပွင့်လိုက်ရင်း

သစ်ရိပ်နေပြောက် ကောက်ယူမရ သဘာဝမို့

ကြွေမလွင့်ခင်တော့

ဝေငှချင်သေးတယ်တဲ့ လား အမေရယ်...။

ကိုကိုလှ (ကမာမြေ)

*****

## စကြဝဠာအနန္တမေ့စေတနာ

အမေ့ကြောင့်သာ ဤလူ့ရွာသည်

မေတ္တာရေဖျန်းအေးချမ်းသွား၏။

သားတို့ ရုပ်ရည် သီတာမည်သား

ရေကြည်ချမ်းမြ တစ်ပေါက်ကျက

မိဘတို့ ဝမ်း ငြိမ်းစတမ်းဟု

အေးချမ်းစေရာ ထိုမေတ္တာကို

ပညာရှိများ ဆိုမိန့်ကြားခဲ့။

အမေ့ထံမှာ အကြင်နာနှင့်

မေတ္တာကရုဏာ မုဒိတာပါ

ငွေကြေးဥစ္စာ ဘာကိုလိုလို

လိုတာအကုန်ရ ရင်မှာ ဖြစ်လာ

မိမာတာ၏ အကြင်နာမေတ္တာ

ထိုအရာကား

ကမ္ဘာတိုင်ထိ တည်ရှိနေ။

အောင်ကြည်ညွန့် (တက္ကသိုလ်)

*****

**အမေ (သို့မဟုတ်)**

**အနန္တမေတ္တာပန်းချီကားတစ်ချပ်ရဲ့**

**ဂန္ထဝင်ပုံရိပ်**

အမေ့မျက်နှာဟာ

ဒီကမ္ဘာမှာ လမင်း

ထာဝရလင်းထိန်

သာခြင်းတွေကောင်းခဲ့

မပြောင်းလဲတဲ့ နိယာမ

သဘာဝတရားထဲမှာ အမေပါတယ်။

အမေ့အသံဟာ

စမ်းပမာအေးမြ

ပန်းပမာမွှေးလှ

ဘေးမခတဲ့ ငြိမ်းချမ်းရေး

သဘာဝဘေးဒဏ်ကာကွယ်

မေတ္တာနယ်မှာ ထိပ်တန်းပြေး

ဘာဆေးမှ မလိုဘူးအမေ။

အမေ့အပြုံး

ကမ္ဘာကျော်မိုနာလီဇာရှုံး

နှလုံးသားမှာ စံတင်

အသည်းတွင် မှတ်ကျောက်

ဂန္ထဝင်မြောက်တဲ့ အထဲ အမေပါ

မုသားမပါတဲ့ သစ္စာစကား

ရှစ်ကမ္ဘာခြားတောင်မပျက်ဘူးအမေ။

အမေ့အချစ်

အနှစ်တစ်ရာမဆိုထားနဲ့

အနှစ်တစ်ထောင်ထိတောင်မရိုး

အငြိုးမှ မရှိတာ

သားအတွက် ရှားပါးတဲ့ ရတနာ

တန်ဖိုးဖြတ်မရတာသိ

မြတ်နိုးမိတာအမှန်ပါ အမေ။

အမေ့သံယောဇဉ်

ဘယ်လျှောင်တွေလှုပ်လှုပ်

ဘယ်လိုမှ ပြုတ်မကျ

ဒုက္ခတွေလက်မြှောက်

ချမ်းသာခြင်းတွေရောက်ခဲ့

ခလောက်ဆန်ဖောက်ပြန်တဲ့ အထဲ

အမေဘယ်တော့မှ မပါဘူး။

ဒါပါပဲ အမေ

ကြာကြာခွဲနေရတဲ့ နှစ်တွေ

ပြန်ရေကာတွက်ကြည့်

(၁၂)နှစ်ပင်ပြည့်ခဲ့

သေတဲ့ သူကြာရင်မေ့

အဲဒီအထဲမှာ သားမပါ

ပကာသနအလွှာမဲ့

ထာဝရကမ္ဘာထဲမှာ

သားနဲ့ အတူ အမေ ရှိနေတယ်ဆိုတာ

အကြွင်းမရှိယုံပါတယ် အမေ။ ။

ကွယ်လွန်သူမိခင်ကြီး ဒေါ်အုန်းခင်နှင့် ကမ္ဘာပေါ်ရှိ ကျေးဇူးရှင်အမေများ သို့ ရည်ညွှန်းဖွဲ့ဆိုပါသည် ။

ကျော်ဝင်းသက်

*****

မာတာပေဒ

အမေ"တစ်ခါ""နမ်းလျှင်ဖြင့်
ပန်း"တစ်ပွင့်"ပွင့်ပါရင်။

"ရိုးမ"ဆို တစ်တောလုံး
"ရှုံး"ဖို့ ရာပြင်။

ရင်သွေးငယ် ပါးတစ်ခွင်
ရနံ့လွင် ပန်းတွေမွေး။

ဇမ္ဗူဒီပါ မြေလွှာအဝှမ်းမှာ ဖြင့်
ဖြူနီပြာ ရွှေဝါခရမ်းတွေနဲ့
သွေးတိုးလျှင် လာလို့ စမ်းမယ်လား
ရယ်သွမ်းသွေး အပီပြင်ပေါ့
ထီမထင် ဘယ်မမှုတယ်

တုမရှိ… မွှေး။

နန္ဒာမိုးကြယ်

*****

**မော်ကွန်းရေးထိုး ရင်ထက်ကြိုး**

မိုးပေါ်က၊ ထွန်းပနေတဲ့

ကြယ်တွေကို ရေတွက်ကြည့်တယ်

အမေ့ကိုချစ်တဲ့

ကျွန်တော့်အချစ်ရဲ့

ကိန်းဂဏန်းလောက်မများ ဘူး။

ခြေဖဝါးအောက်က၊ မဟာမြေကြီးရဲ့

ထုအလွှာကိုကြည့်မိတယ်

အမေ့ကိုချစ်တဲ့

ကျွန်တော့်အချစ်ရဲ့

ထုအလွှာလောက်မထူဘူး။

လေပြေလေညင်း

လေပြင်းတွေရဲ့

နေရာနဲ့စပ်မှုကိုကြည့်မိတယ်
အမေ့ကိုချစ်တဲ့
ကျွန်တော့်အချစ်ရဲ့
နဲ့စပ်မှုကို မမီဘူး။

အမေကသားကိုမမေ့
သားကအမေကိုမမေ့
ထာဝရတွေ့တဲ့ အတွေ့
ကွေ့ကောက်တဲ့ လမ်းမျိုးမရှိ
မိုး၊ မြေ၊ လေမက အဆထင်
ဘဝဘဝ ထာဝရသခင်
အစဉ်အမျှင်မပြတ်
အထပ်ထပ်ရစ်ပတ်လွှန်းတင်နေမယ်အမေ။

**တိမ်ဦးနန်းနွယ်**

*****

## မိခင်ကျေးဇူး ဆပ်ဖူးရဲ့လား

ဘုရားသခင် ကိုယ်တိုင်ပင်လဲ

ဝမ်းတွင် သိုထား မယ်တော်ဖုရား၏

ချစ်အားပိုပို မေတ္တာခိုလှုံ

ပွားခဲ့တုံသော် ကံကုန်ရှာရ

မိမာတ၏ ကြီးစွာမေတ္တာ၊ ရှိခဲ့ပါ၏။

ဘယ်လူသားမှန် လူသာမန်လဲ

တွန်းလှန်မရ မိဘမေတ္တာ

ခိုလှုံပါမှ ချမ်းသာကိုယ်စိတ်

တစ်မှေးအိပ်လဲ ငြိမ်ဆိတ်သာယာ၊ ရှိကြပါလိမ့်။

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်

လူဖြစ်လာစ အချိန်ကပင်

မိခင်မေတ္တာ ခိုလှုံကာဖြင့်

ကြီးလာခဲ့ရ လူ့ဘဝတွင်

ဆုံးစမရှိ အမိကျေးဇူး

ဆပ်ဖူးပြီလား ဘုရားသခင်

ကိုယ်တိုင်ပင်လဲ မိခင်အတွက်

နို့တစ်ဖက်ဖိုးသာ ကျေခဲ့ပါသတဲ့ ။

လူ့ရွာလူ့ဘောင် လျှော်အောင်နေပြီး

ဆပ်လေမိဘ ကျေးဇူးကလျှင်
ဘယ်တွင် ကုန်လိမ့် စွမ်းကုန်ကြိုးပမ်း
ဆပ်ကြစမ်းပါ နောင်ခါသေမှ
နောင်တမရနဲ့ မှတ်ကြအပေါင်း
သူတော်ကောင်းတို့ မြန်နှောင်းမကြာ
မိမာတာ၏ ကြီးစွာကျေးဇူး
အထူးဆပ်ကြ မမေ့ကြဖို့
စာသကဗျာ ရေးစီပါ၏
မာတာမိခင် အိုသခင်အတွက်။

ဘိုမျိုး (ရွှေဘို)

*****

## နှလုံးပျောက်ချိန်

အိမ်ထောင်ကျစ အစစရာ
လိုတာဖြည့်ရ ထူထောင်ရမို့
မိဘကျေးဇူး မကြည့်သာသေး
ဝေးရာနေရပေဦးမည်။

သားသမီးရေး ပညာရေးနှင့်
ရှုပ်ထွေးဘဝ ရုန်းကန်ရမို့
မိဘမျက်နှာ မကြည့်သာသေး
ဝေးရာနေရပေဦးမည်။

ကိုယ်ရေးကိုယ်တာ ကိုယ့်ဝန်တာနှင့်
ကိုယ့်မှာ ကိစ္စ များ မြောင်လှမို့
မိဘမျက်နှာ မကြည့်သာသေး
ဝေးရာနေရပေဦးမည်။
ရတ်တရက်လျှင် ချက်လက်သတင်း
ရင်တွင်းထိုးနှက် အိပ်မက်ဆိုးမက်
တုန်လျက်ရီဝေ မျက်ရည်စီးကျ
ဆိုးရွားလှစွာ သတင်းမှာ ကား
မာတာမိခင်ဆုံးသတည်း။

အမေရှိစဉ် ကျေးဇူးရှင်တွက်
လက်ဖက်တစ်ရိုး ကွမ်းတစ်ရိုးမျှ
ကျွေးရပေးရ မပြုရနှင့်
ငါ့ဘဝသာ ငါသာယာရေး

အစဉ်တွေး၍၊

ရင်လေးအမူ ငါလျှင်ပြုခဲ့

ခုတော့နှောင်းပြီ နှောင်းခဲ့ပြီပေါ့

အသော့နှင်ကာ ပြေးခဲ့ပါလည်း

ငါ့ မှာ နောက်ဆုံး အမှောင်ဖုံးလို့

နေလုံးပျောက်ကွယ်ခဲ့လေပြီ။

**ဆွေဦး**

*****

**မွေးမေမေ၏ မေတ္တာမိုး**

-ချစ်စရာ သမီးသားကိုဖြင့်

အနှစ်အကာ မဆီးတားပါဘု

မေတ္တာကြီးမားစွာနဲ့ ချစ်တဲ့ အမေ။

-သားဆို အားအမှန်ကိုးရန်ပေါ့

သမီးဆို ထီးပမာ အမိုးခံဖို့

ကံဆကာ ကြိုတင်ပြင်၍

ဒီလိုထွင် ဒီလိုရှင်းလာခဲ့

ချစ်မေတ္တာအရင်းခံပြီး

လိုအင်ဆန္ဒမှန်သမျှကို၊ ပြည့်ဝဖို့ ဝေ။

-အူဝဲကအစ၊ လူထဲကဘဝ

မနုဿဘုံမှာ

ဒုက္ခတွေ ဘယ်လိုကြုံသော်လည်း

မဖြုံစွာဖြင့် ရင်ဆိုင်ပေ

တို့ မေမေရဲ့ မေတ္တာမိုး။

-အကျိုးအကြောင်း

အဆိုးအကောင်း ချင့်ဝေဖန်၍

ဒီလမ်းမှာ ဒီပန်းပန်စေခဲ့

ဒီခရီး ဒီထီးလေး ဆောင်းစေပြီး

လမ်းကောင်းကို အမေညွှန်ပြလို့

သူမွန်ဘဝ ရရှိလာမို့

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ကိုဖြင့်

ပမာပြတိုင်းတွင် ပေးဖူးအစဉ်ရှိတာမို့

မေးဦးတင် ဂါရဝဖြင့်

(မေမေ့ကို) ဦးချရှိခိုး။

**အောင်သျှင်သူ (မဟာမြေ)**

*****

**ထာဝရအမေ**

အမိကမ္ဘာ

အမိနိုင်ငံ

အမိမြေတဲ့

အမိ(အမေ)ရဲ့

ထူးခြားတဲ့ ဂုဏ်ဒြပ်

ကြီးမြတ်လှပါပေ။

အမေဆိုတာ

အလှကဗျာ

လူသားတိုင်းရဲ့ ဘဝမှာ

မရှိမဖြစ်ရပ်တည်နေတာ

အဲဒါ

ထာဝရအမေလေ။

**ကိုမောင်သန်းဝင်း**

*****

**အမေ (သို့မဟုတ်) ရင်ဆက်ကြိုး**

-ကမ္ဘာ့… ကမ္ဘာဦးအစကတည်းက

ချယ်သမှုပကာသနတွေ လုံးဝမပါ

နိယာမ … သဘာဝကျကျ

အနုအလှတွေ.. ဆန်းပြားလိုက်ပုံများ

အမေနဲ့ သားဆိုတာလေ

သမုဒယတွေနဲ့ ရစ်ချည်

ဟိုး… ကမ္ဘာ့ကော … ပဝေသဏီကတည်းက

သန္ဓေတည်ကြိုး(သို့မသုတ်) ချက်ကြိုးခြင်းဆက်

မေတ္တာဓာတ်တွေသက်ဝင်

တလွင်လွင်စီးဆင်းနေမြဲ

အမေ့ရင်ထဲက.. မေတ္တာနှောင်ကြိုး

(သို့မဟုတ်) ရင်ဆက်ကြိုး …

-ချက်ကြိုးတစ်မျှင်တည်းနဲ့

အသက်နှစ်ပင်ပြီးမှ

ရှင်သန်ရတဲ့ … အမေနဲ့ သား

နိယာမတရားကိုက

အမေတော့… သားရှု

အမေစားမှ .. သားစားရ

အမေသောက်ရင် ... သားသောက်ဆိုပါတော့။

-ဒီလိုပဲလေ

အမေပူရင် ... သားပူလို့

အမေအေးတော့ သားအေး

အပူအအေး အငန်အစပ်တွေ

အမေစားရင်.. သားလည်း ထပ်တူခံစားရတယ်

ဒါတွေကို... အမေကရှောင်ကြဉ်

အမေပျော်ရင် ... သားပျော်

အမေငိုရင်.. သားငို

အမေ ... ဓမ္မဂီတတွေနဲ့ သာယာနေရင်

သားလည်း ... ဓမ္မတော

ဂီတတောမှာ စီးမျောလို့ ပေ့ါ

ဘာမဆို... အမေနဲ့ သား

ခွဲခြားမရတဲ့ စိတ်ချင်းဆက် ကွန်ရက်ကြိုး

ချက်ကြိုး (သို့မဟုတ်) ရင်ဆက်ကြိုးပါအမေ။

-လောကတစ်ခွင်မှာ လေ

သား မရှိရင် နေ ... အမေ မရှိရင် မဖြစ်ဘူး

အမေဟာ... နေနဲ့ လလို နေ့ညကိုအလင်းဆောင်သူ

အမေဟာ.. လောကလူသားတို့ ရဲ့ ဥသျှောင်

အမေဟာ.. သတ္တလောကကြီးရဲ့ အစီးအပွား

မြစ်ဖျားခံရာ.. မဟာ့.. မဟာကြီး

အမေဟာ... လောကကြီးရဲ့

ပြီးပြည့်စုံ ကုံလုံကြွယ်ဝ

အနုအလှ......သမုဒ္ဒယရဲ့ ...

အိုဘယ့်.. ဖန်ဆင်းရှင်

အဲဒါ.. အမေ (သို့မဟုတ်) ရင်ဆက်ကြိုး။

-ကိုးလလွယ် ဆယ်လဖွား

အူဝဲလို့ ... အသံကြားကတည်းက

အမေ့ရဲ့ မေတ္တာမဟီ

နို့ရည်ကြည်မှာ တည်လို့

အမေ့မေတ္တာသည် ကား

နို့ရည်ပမာ.. အဖြူထည်သက်သက်သာ

အရှုံးအမြတ်ဆိုတာ.... ဈေးတွက်မပါ၊

ပေးဆပ်ခြင်းသက်သက်မျှသာ

တစ်ဖက်သတ်စုန်ရေဆိုတာ

အမေ (သို့မဟုတ်) ရင်ဆက်ကြိုးပါ။

-အမေလွှဲသိပ်တဲ့ ... ပုခက်ကြိုးမှာ

အမေ့မေတ္တာဓာတ်တွေစီးဝင်

အမေ့ရဲ့ မရိုးအီနိုင်တဲ့

အို…အေ…အေ့…အို…ဆိုတဲ့

အမေ့ရဲ့ သားချော့တေးဟာ

သားမှာ အားတွေဖြစ်…. ဘဝသစ်မှာ ရှင်ကျန်နေရင်း

အနာဂတ်ပြတင်းသစ်ကို … ဖွင့်လှစ်နိုင်ခဲ့ပြီ

အမေ့ရဲ့ မေတ္တာကွန်ရက် … ဖြန့်ကျက်မှုတွေဟာ

သားဘဝကို အေးချမ်းစေခဲ့၊

နွေးထွေးလုံခြုံစေခဲ့၊

ပြီးပြည့်စုံစေခဲ့ပါပြီ… အမေ

အဲဒါ…အမေ (သို့မဟုတ်) ရင်ဆက်ကြိုး…။

မောင်ယဉ်လှိုင်း (ဟသ်ာတ)

*****